# မြန်မာနိုင်ငံ နျူးကလီးယားအရေး အိမ်နီးချင်းနိုင်ငံများက စိုးရိမ်

ဆန်းရွှေနိုင်၊ နယူးယောက်၊ မေ ၆ ရက်၊ ၂၀၁၀။



နိုင်ငံတကာ နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ ဖျက်သိမ်းရေးကော်မရှင်အဖွဲ့ တွဲဖက် ဥက္ကဋ္ဌ ဂဲရက်အဲဗင်စ် (Gareth Evans)

မြန်မာနိုင်ငံရဲ့ နျူးကလီးယား စီမံကိန်းနဲ့ ပတ်သက်ပြီး မြန်မာ့အိမ်နီးချင်းနိုင်ငံများက စိုးရိမ်နေကြကြောင်း၊ မြန်မာစစ်အစိုးရ နျူးကလီးယားနည်းပညာ ရယူဖို့ ကြိုးစားနေခြင်းနဲ့ ပတ်သက်ပြီး တရုပ်၊ အာစီယံနဲ့ အိမ်နီးချင်းနိုင်ငံများက လေ့လာ စောင့်ကြည့်နေကြကြောင်း နိုင်ငံတကာ နျူကလီးယားလက်နက်မပြန့်ပွားရေးနဲ့ ဖျက်သိမ်းရေးကော်မရှင်အဖွဲ့တွဲဖက် ဥက္ကဋ္ဌ ဂဲရက်အဲဗင်စ် (Gareth Evans) က ၂၀၁၀ မေလ ၄ ရက်နေ့တွင် ယနေ့မြန်မာသတင်းဌာနနဲ့ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားကောင်စီကို အသိပေး ပြောကြားလိုက်ပါတယ်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် ကျင်းပတဲ့ နျူးကလီးယားလက်နက် ဖျက်သိမ်းရေးနဲ့ ပပျောက်ရေး ညီလာခံ ကျင်းပနေစဉ် မြန်မာစစ်အစိုးရရဲ့ နျူးကလီးယားကိစ္စအရေး မေးမြန်းရာမှာ ဂဲရက်အဲဗင်စ်က ထိုသို့ ပြောကြားလိုက်ခြင်း ဖြစ်ပါတယ်။

နယူးယောက်မြို့မှာ အလုပ်သမားသမဂ္ဂများနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းပေါင်းစုံက ကမ္ဘာမှာ နျူကလီးယားလက်နက်ဖျက်သိမ်းရေးနဲ့ ပပျောက်ရေးတို့အတွက် ပြီးခဲ့တဲ့ တနင်္ဂနွေနေ့ (မေ ၁ ရက်နေ့) ကတည်းက နယူးယောက် ကုလသမဂ္ဂမှာ စတင်လှုပ်ရှားခဲ့ပြီး၊ မေလ ၄ ရက်နေ့ကလည်း ကုလသမဂ္ဂအနီးမှာ အခမ်းအနားတရပ် ထပ်မံကျင်းပခဲ့ကြပါတယ်။




မေလ ၄ ရက်နေ့ အခမ်းအနားမှာ နိုင်ငံတကာ နျူကလီးယားလက်နက် မပြန့်ပွားရေးနဲ့ ဖျက်သိမ်းရေးကော်မရှင်အဖွဲ့ တွဲဖက် ဥက္ကဋ္ဌ ဂဲရက်အဲဗင်စ် (Gareth Evans) အပါအဝင် အလုပ်သမားသမဂ္ဂများနဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့ခေါင်းဆောင်များ၊ ၁၉၄၅ တုန်းက နျူကလီးယားဗုံးဒဏ် ခံခဲ့ရတဲ့ ဂျပန်နိုင်ငံ ဟီရိုရှီးမားနဲ့ နာဂါဇာကီ မြို့ မြို့တော်ဝန်များ တက်ရောက် စကားပြောခဲ့ကြပါတယ်။

ဒီ အခမ်းအနားမတိုင်မီ နံနက်ခင်းမှာ မြန်မာအလုပ်သမားသမဂ္ဂများအဖွဲ့ချုပ် (FTUB) ဂျပန်ကိုယ်စားလှယ် ဒေါက်တာမင်းညို နဲ့ အခြား ဂျပန်နိုင်ငံက မြန်မာ့အရေးဆိုင်ရာ အဖွဲ့အစည်းများ စုပေါင်းပြီး "နျူကလီးယားကင်းမဲ့တဲ့ မြန်မာပြည်" လှုပ်ရှားမှုအဖြစ် ကောက်ခံခဲ့တဲ့ လက်မှတ်ပေါင်း တသောင်းခွဲလောက်နဲ့ အခြားကောက်ခံရရှိခဲ့တဲ့ သန်းနဲ့ချီတဲ့ လက်မှတ်တွေကို ညီညွတ်သောနိုင်ငံတကာအလုပ်သမား အဖွဲ့ချုပ် (ITUC) နဲ့ ဂျပန်အလုပ်သမားသမဂ္ဂ (RENGO) တို့ရဲ့ကိုယ်စားလှယ်များက ကုလသမဂ္ဂထံ ပေးအပ်ခဲ့တယ်လို့ သိရပါတယ်။ ထို အခမ်းအနားကို ဒေါက်တာမင်းညို တက်ရောက်ပြီး မြန်မာနျူးကလီးယားဆိုင်ရာကိစ္စ ပြောကြားဖို့ စီစဉ်ထားသော်လည်း တက်ရောက်ဖို့ အဆင်မပြေခဲ့ပါဘူး။ သို့သော်လည်း ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကောင်စီ (NCUB) ကိုယ်စားလှယ် တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ထို အခမ်းအနားတွင် အထူးဧည့်သည်အနေနဲ့ စကားပြောခဲ့သူ နိုင်ငံတကာ နျူကလီးယားလက်နက် မပြန့်ပွားရေးနဲ့ ဖျက်သိမ်းရေး ကော်မရှင်အဖွဲ့ တွဲဖက် ဥက္ကဋ္ဌ ဂဲရက်အဲဗင်စ် က "ယနေ့ ကမ္ဘာမှာ နျူကလီးယားလက်နက်များဖျက်သိမ်းဖို့နဲ့ ပပျောက်ရေးကိစ္စတွေကတော့ လွယ်လွယ်နဲ့ အောင်မြင်မယ့်ကိစ္စတော့ မဟုတ်ဘူး။ သို့သော်လည်း မလုပ်လို့ မဖြစ်ဘူး။ ကျနော်တို့အနေနဲ့ ဘယ်လို လုပ်ရမယ်၊ လုပ်သင့်တယ်၊ ဘယ်သူတွေက ဦးဆောင်သင့်တယ်ဆိုတာတွေကို အကြံပေးထားပါတယ်။ နောက်ပြီး ပြီးခဲ့တဲ့ ၄ လအတွင်း ကျနော် နိုင်ငံပေါင်း ၂၅ နိုင်ငံလောက်ကို သွားခဲ့ပြီး ဒီကိစ္စတွေကို ဆော်ဩခဲ့တယ်" လို့ ပြောသွားပါတယ်။

အခမ်းအနားမှာ ဂျပန်နိုင်ငံ ဟီရိုရှီးမားနဲ့ နာဂါဇာကီ မြို့တို့ ရဲ့မြို့တော်ဝန်တွေကလည်း သူတို့မြို့မှာ လက်ရှိ သက်ရှိထင်ရှားရှိနေသေးတဲ့ နျူကလီးယားဗုံးဒဏ်သင့်တဲ့လူတွေရဲ့ အတွေ့အကြုံနဲ့ တောင်းဆိုချက်တွေကို ရှင်းလင်းတင်ပြခဲ့ကြပါတယ်။ ထို့အပြင် သူ့တို့ ခံခဲ့ရသလို တခြားကမ္ဘာသူကမ္ဘာသားတွေကို မခံရစေချင်ဘူး ဆိုပြီး ပြောသွားပါတယ်။

ဒီနောက် မြန်မာနိုင်ငံမှာ လက်ရှိ နအဖစစ်အုပ်စုက နျူကလီးယားလက်နက် ပစ္စည်းတွေဝယ်ယူနေတယ် ဆိုတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လို ကာကွယ်နိုင်မလဲဆိုတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံအမျိုးသားကောင်စီရဲ့မေးခွန်းကိုတော့ တွဲဖက် ဥက္ကဋ္ဌ ဂါရက်အဲဗင်စ်က "ကျနော်လည်း အာစီယံနိုင်ငံတွေကို သွားခဲ့ပါတယ်။ မြန်မာ့အရေးကိုလည်း ဆွေးနွေးဖြစ်ပါတယ်။ ဆွေးနွေးရာမှာ အာစီယံနိုင်ငံတွေကတော့ မြန်မာနိုင်ငံမှာ နျူကလီးယားလက်နက်ထုတ်လုပ်မှာကို အထူး စိုးရိမ်ကြပါတယ်။ နအဖက ဒီလိုလက်နက်ထုတ်ရင်ဖြင့် အာစီယံကို ထိခိုက်လာနိုင်တယ် ဆိုတာကိုလည်း သိကြပါတယ်။ ဒါ့ကြောင့် သူတို့လည်း မျက်ချေမပြတ် စောင့်ကြည့်နေကြပါတယ်။ နောက်ပြီး တရုတ်နိုင်ငံကိုယ်နှိုက်က သူ့ရဲ့ နောက်ကျောလုံခြုံမှုကို လိုလားတယ်လို့ ယူဆပါတယ်။ ဒါ့ကြောင့် မြန်မာပြည်မှာ နျူကလီးယားလက်နက်ရသွားမယ်ဆိုရင် တရုတ် အတွက်လည်း အကျိုးမရှိတဲ့အတွက် တရုတ်ကလည်း ကြိုက်မယ်လို့ မယူဆပါဘူး။ လက်ရှိမှာတော့ ဒီကိစ္စနဲ့ ပတ်သက်ပြီး နအဖကို အိမ်နီးချင်းနိုင်ငံက ဖိအားတွေပေးနေပါတယ်" လို့ ပြောသွားပါတယ်။




မြန်မာ့အရေးပတ်သက်လို့ ဒီနေ့ ကမ္ဘာမှာ အရေးပါတဲ့ အဖွဲ့အစည်းတွေနဲ့ အစိုးရတွေကတော့ မျက်ချေမပြတ် စောင့်ကြည့်နေကြတယ် ဆိုတာကတော့ ယခင်ကထက်ပိုပြီး ထင်ရှားလာပါတယ်။ သို့သော်လည်း လက်ရှိ မြောက်ကိုရီးယား တို့လို နျူကလီးယားလက်နက် ပိုင်ဆိုင်သူနဲ့ အီရန်လို နျူကလီးယားလက်နက်ထုတ်လုပ်ဖို့ ကြိုးစားနေသူများကို ကမ္ဘာ့အသိုင်းအဝိုင်း အများစုက ပိုပြီး အာရုံစိုက်တာကို မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒီလို မြန်မာ့နျူကလီးယားကိစ္စကို အာရုံစိုက်မှု နည်းနေတဲ့အပြင် မြန်မာနိုင်ငံအတွင်း မကြာခင်က ဗုံးများဆက်တိုက်ကွဲမှုနဲ့ ရက်စက်တဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအပေါ်မှာလည်း မျှော်လင့်သလောက် ကမ္ဘာက အာရုံစိုက်မှုမရှိဘူးလို့ မြန်မာ့အရေးလှုံ့ဆော်သူတွေက ပြောပါတယ်။

အမည်မဖော်လိုတဲ့ မြန်မာ့အရေးလှုံ့ဆော်သူတဦးကတော့ "ကျနော်တို့အရေး အာရုံစိုက်ခံရမှုက ထင်သလောက် မရတာကတော့ သေချာတယ်။ အခုလည်း နျူကလီးယားကိစ္စက တဖြည်းဖြည်းနဲ့ ကမ္ဘာကသိလာတော့ ကောင်းတယ်။ သို့သော်လည်း နအဖကို တားနိုင်ဖို့က ပိုအရေးကြီးတယ်။ အာရုံစိုက်တာ မစိုက်တာ သူတို့ကိစ္စ၊ ကျနော်တို့က လုပ်သင့်လုပ်ထိုက်တာတွေကို ဆက်လုပ်ပြီး မြန်မာ့အားကစား ကမ္ဘာလွှမ်းဖို့ထက် ဒီနေ့ဒီအချိန် မြန်မာ့အရေး ကမ္ဘာလွှမ်းဖို့၊ အာရုံစိုက်လာဖို့အတွက် ဆက်လက် ဖော်ထုတ်ဖို့ အထူးလိုအပ်နေတယ်" လို့ ပြောသွားပါတယ်။